ကြေးတွင်းကုန်းကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြေးတွင်းကုန်းကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကြေးတွင်းကုန်းကျေးရွာ
ပင်းတယမြို့နယ်

ကြေးတွင်းကုန်းကျေးရွာ
မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉
၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁

နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄

၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကြေးတွင်းကုန်းကျေးရွာသည် အုပ်ချုပ်ရေးရုံးစိုက်ရာ ပင်းတယမြို့နှင့် (၃)မိုင်ကွာဝေးပြီး ဆက်သွယ်ရ လွယ်ကူသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ (၈၀" မှ ၁၀၀")ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း အတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာအနီးတွင် တောင်တန်းတောတောင်များရှိပြီး မြစ်ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ တောင်စောင်းများဖြစ်သည်။ ဥယျာဉ်ခြံမြေများမှာ လက်ဖက်၊ ဂျူး၊ ဂျုံ နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် အဓိက အားထားနေရသည်။ ကျေးရွာတွင် ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ လေပြင်းတိုက်ခြင်း သဘာဝအန္တရာယ်များ လက်ရှိအချိန်တွင် ကင်းလွတ်လျက်ရှိသည်။ သို့သော်လည်း နွေရာသီအချိန်တွင် မိုးခေါင်ရေရှားမှုဒဏ်ကို ခံနေရဆဲဖြစ်သည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် ဥယျာဉ်ခြံမြေ အသင့်အတင့်ရှိပြီး မြေလွတ်မြေရိုင်းများ အနည်းငယ်ရှိသည်။ မြေဆီလွှာမှာ အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ သစ်တော၊ ဝါးတော များ အသင့်အတင့်ရှိပြီး ဝါးနှင့် ထင်းများ ထုတ်ကုန်အဖြစ်ထွက်ရှိသည်။ ဥယျာဉ်ခြံမြေမှာ ဧက(၃၄၈)ဧက ရှိပြီး ဂျူး၊ ဂျုံ ၊ လက်ဖက် နှင့် ဟင်းသီးဟင်းရွက်ကို အဓိကစိုက်ပျိုးထားသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၃၄)ရှိပြီး ကျား(၂၈၅)၊ မ(၃၂၁) ဦးဖြင့် လူဦးရေပေါင်း(၆၀၆)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄.၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှ(၅)ဦး နှုန်း အောက်လျော့နည်းသည်။ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံးဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းနေသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေပိုင်ဆိုင်မှု လက်လှမ်းမီမှု စိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာ၏ စီးပွားရေးမှာ အသင့်အတင့်သာရှိသည်ဟုပြောနိုင်သည်။ ချမ်းသာသောအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့တို့မှာလည်း ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ လက်သမား၊ ပန်းရံ စသော အသေးစားအိမ်တွင်းမှုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်အတင့်အဆင်ပြေကြသည်။

ကျေးရွာတွင် မြေမဲ့ယာမဲ့အိမ်ထောင်စုမှာ နည်းပါး၍စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသော်လည်း ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ နေ့စား၊ လက်သမား၊ ပန်းရံ နှင့်တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀)ရာခိုင်နှုန်းဖြစ်သော (၁၉)စု ကိုလေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၁၀၀)ရာခိုင်နှုန်းမှာ သူတစ်ပါးထံမှချေးငှားပြီး နှပ်မှန်အောင်စားသုံး ရပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် ဂျုံ၊ ဂျူး၊ လက်ဖက်ကို အဓိကစိုက်ပျိုးကြသည်။ ဥယျာဉ်ခြံစိုက်ပျိုးဧက (၃၄၈)ရှိပြီး ဟင်းသီးဟင်းရွက်ကို သီးထပ်သီးညှပ်စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှု ကုမ္ပဏီမှ ဝန်ဆောင်မှုအားနည်းနေပြီး တောင်သူများ ဥယျာဉ်ခြံလုပ်ငန်းမှာ အလုပ်သမားရှားပါးမှု လမ်းပန်း ဆက်သွယ်ရေးညံ့မှုတို့ကြောင့် တနိုင်တပိုင်သာ လုပ်ကိုင်နိုင်ကြပြီး စီးပွားရေးအရလုပ်ကိုင်နိုင်ခြင်း မရှိသေးပါ။ တောင်သူများအနေဖြင့် သီးနှံဖျက်ပိုးနိမ်နှင်းရေးအတွက် ပိုးသတ်ဆေးသုံးစွဲနည်းပညာများ လိုလားနေကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ (၁၁)ဝန်းကျင်သာရှိပြီး ဒေသဝက်မျိုးကို မွေးမြူကြသည်။ နွား/ကျွဲ မွေးသည့် အိမ်ထောင်စုမှာ လည်း (၁၂)အိမ်ရှိသည်။ ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း မှ အတိုးနှုန်းသက်သာစွာဖြင့်ချေးငွေလွယ်ကူစွာရရှိပြီး တိရိစ္ဆာန်မွေးမြူရန် စာကျက်မြေ ပေါများသော်လည်း မွေးမြူရေးစိတ်ဝင်စားမှုနည်းပါးနေသဖြင့် အသိပညာပေးလုပ်ငန်းများပေးရန် လိုအပ်သည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းအနည်းငယ်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား/လက်သမား/ ပန်းရံ/ အရောင်းအဝယ်/အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်သည်။ လက်လုပ်လက်စားအလုပ်သမားများမှာ စိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အနေအထားကောင်းတစ်ရပ်ဖြစ်သည်။
အခြားအသက်မွေးဝမ်းကျောင်းသင်တန်းများရှိသော်လည်း အများစုသည် အဆိုပါသင်တန်းနှင့် ထိတွေ့မှုနည်းပါးသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင် လည်း နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်မတတ်နိုင်ကြပါ။ ချေးငွေ အဆင်ပြေသောအိမ်ထောင်စု(၆)စုသာ စက်ချုပ်သင်တန်းသို့ ပို့လွှတ်သင်ကြားကြသည်။

(c) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်တောင်သူများသည် မြစိမ်းရောင်စီမံကိန်းချေးငွေမှ အတိုးနှုန်း(၁.၅%)ဖြင့် တစ်အိမ်လျှင်(၅)သိန်းအထိ ချေးယူနိုင်သည်။ အဖွဲ့ဝင်(၉၈)ဦး ရှိသည်။ အသေးစားချေးငွေလုပ်ငန်းမှာ အတိုးနှုန်း (၂.၃%) ဖြင့် ချေးယူကြပြီး ရွာထဲမှအတိုးချေစားသူများ ထံမှ ၁၀% ဖြင့်ချေးစားသူများ အနည်းများရှိသည်။ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းတည်ထောင်ခြင်းမရှိပါ။

ကျေးရွာသားအများစုသည် ငွေကြေးကိုအကြောင်းရင်းမျိုးစုံ(ရိက္ခာ/ ကျန်းမာရေး/ ပညာရေး) တို့အတွက် အထူးသဖြင့် စာနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင်ငွေကြေး လိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးတင်ရှိမှု လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၁၀၀,၀၀၀/ မှ ၁၀၀၀,၀၀၀/ ထိချေးယူထားကြောင်းတွေ့ရှိရသည်။ ထိုအိမ်ထောင်စု၏ ၄၈.၅% သည် အကြွေး ၅၀၀၀၀၀/- အောက် ချေးယူထားပြီး ၂၄.၆% သည် ၅၀၀၀၀၀/- အထက်ချေးယူထားကြောင်းတွေ့ရသည်။

၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာလမ်းပေအရှည်မှာ ပေ(၉၀၀၀)ရှိပြီး ကျောက်ချောလမ်းအဖြစ်အောင်မြင်ရန်အတွက် ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် (၇)နှစ်ကြာ ဆောင်ရွက်ခဲ့ကြသည်။ ထိုမှတဆင့် ကွန်ကရစ်လမ်းအဖြစ် ဆက်လက် ခင်းခဲ့ရာ အစိုးရပံ့ပိုးမှု (၄၂)သိန်း ပံ့ပိုးပြီး ပြင်ပအလှူရှင်များနှင့် ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ကြသည်။ လမ်းအရှည်ပေ(၆၀၀၀)ခင်းပြီး ပေ(၃၀၀၀)မှ ကျောက်ချောလမ်းအဖြစ် ကျန်ရှိနေ သေးသည်။ ကျေးရွာတွင် လမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများ အသုံးပြုမောင်းနေသည်။ လမ်းပန်းဆက်သွယ်ရေးအတွက်

မော်တော်ဆိုင်ကယ်အသုံးပြုလျက်ရှိပြီး ကား/ထော်လာကျီ များ မရှိသော်လည်း မြို့ပေါ်မှထော်လာကျီများကားများ လာရောက်ပြေးဆွဲပေးသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကိုအဓိက အသုံးပြုလျက်ရှိသည်။ ၂၀၁၆ ခုနှစ် (၉)လပိုင်းမှစ၍ အစိုးရဘတ်ဂျက် ဖြင့် လျှပ်စစ်မီးလင်းရေးကို စတင်ဆောင်ရွက်လျက်ရှိရာ ယခုလက်ရှိအချိန်တွင် (၅၀%)ခန့် ပြီးဆုံးပြီဖြစ်သည်။ကျေးရွာသားများသည် လျှပ်စစ်မီးရရှိမှုတွင် ကိုယ်အားကိုယ်ကိုး ဆိုလာစနစ် တပ်ဆင်ထားကြသည်။ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများ ဖောက်ပြန်လာပါသည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းများကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသဖြင့် သတင်းစာ/ဂျာနယ် စာပေဖတ်ရှုမှုများအားနည်းနေသည်ကို တွေ့ရှိရသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်သည်။

(ဃ) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရသည်။ ရွာသားအများစု သည် အရေးအဖတ်အတွက် တတ်မြောက်ကြပြီး ဘွဲ့ရ(၁၃)ဦး နှင့် တက္ကသိုလ်ကျောင်းသူ/သား (၁၀)ဦး ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းတွင် သင်ကြားနိုင် သော်လည်း အလယ်တန်းနှင့် အထက်တန်းကို ရွာနှင့် (၃)မိုင်ခန့်ကွာဝေးသော ပင်းတယမြို့သို့ သွားရောက် သင်ကြားရသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျနေဆဲဖြစ်ပြီး လူငယ်လူရွယ်များ မှာ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်သည်။

၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် လည်း များသောအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအမြင်ရှိကြသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိကြပြီး (၃)မိုင်ကွာဝေးပြီး ကားလမ်းဖြင့်

အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံဆေးဆိုင်များနှင့် လက်လှမ်းမီသည်။ ကာကွယ်ဆေးထိုးမှု အစီအစဉ်လစဉ်လတိုင်းရှိပါသည်။

ကျေးရွာတွင် မိုးရေလှောင်ကန်တစ်ခုတည်းကိုသာ အားထားနေရပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် ၊ သွေးတိုး စသည့်ရောဂါဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရှိရသည်။

၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ဖျက်ပိုးများကျရောက်မှုနည်းပါး၍ ပိုးသတ်ဆေးသုံးစွဲမှု နည်းပါးသော်လည်း ဓာတုမြေဩဇာနှင့် ပေါင်းသက်ဆေးသုံးစွဲများရှိလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ ဘက်စုံပိုးမွှားနိုင်နင်းမှု စနစ်တကျစွန့်ပစ်ကြရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ပင်းတယမြို့နယ် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသအချို့တွင် လေဆင်နှမောင်းအန္တရာယ်များ တွေ့ကြုံခဲ့ရသော်လည်း ဤကျေးရွာမှာ မြေမြင့်တောင်တန်းဒေသဖြစ်သောကြောင့် အားပျော့လေဆင်နှမောင်း တစ်ခါတစ်ရံ တွေ့ရသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက ရေရှားပါးခြင်းနှင့် သဘာဝအန္တရာယ်တစ်ရပ် အနေဖြင့်ရှိနေဆဲဖြစ်သည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ကြေးတွင်းကုန်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် - သရက်ကုန်း		ကျေးရွာအမည် - ကြေးတွင်းကုန်း	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ကျေးလက်ရေပေးဝေရေး	သောက်သုံးရေ	ရေကန်ပြုပြင်ခြင်း	
၂	အခြေခံအဆောက်အဦး	ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ရွာတွင်းလမ်း ပေဂုဝဂဝခန့်	
၃	အခြေခံပညာရေးဆိုင်ရာ	ကျောင်းတက်နှုန်း၊ ပညာအရည်အသွေး	ပညာရေး (ကျောင်းကြိုပို့ယဉ်)	
၄	စိုက်ပျိုးရေး	သက်တမ်းတိုသီးနှံများ	စိုက်ပျိုးရေး (လွှက်မျိုးကောင်းမျိုးသန့်နှင့် နည်းပညာ)	
၅	ထုတ်ကုန်	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	Green Tea စက်ရုံတည်ဆောက်ခြင်း	
၆	ကျောင်းပြင်ပ ပညာရေး	ကျောင်းအဆောက်အဦး၊ ပရိဘောဂ၊ သင်ထောက်ကူ	စာကြည့်တိုက်	

၇	အားကစားနှင့်ကာယပညာရပ်ဆိုင်ရာ၊အားကစားကွင်း၊ အားကစားပစ္စည်း	အားကစား	အားကစား	
၈	အစိုးရအသိအမှတ်မပြု (သက်မွေးပညာ)	အစိုးရအသိအမှတ်မပြု (သက်မွေးပညာ)	အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ပေးရန်	

နောက်ဆက်တွဲ(၁)

ကြေးတွင်းကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမျိုးမြင့်အောင်	ဦးသိန်းဟန်	၁၃/ပတယ(နိုင်)၀၅၈၃၃	၁၉	ဥက္ကဋ္ဌ	၀၉-၇၉၁၈၂၉၉၆၁	
၂	ဦးကျော်ဆန်းနိုင်ဦး	ဦးစံတင်	၁၃/ပတယ(နိုင်)၀၃၆၁၆၀	၃၃	အတွင်းရေးမှူး	၀၉-၄၅၈၈၇၇၅၇	
၃	ဦးအောင်မျိုးနိုင်	ဦးစံတင်	၁၃/ပတယ(နိုင်)၀၄၄၈၇၄	၂၇	စာရင်းကိုင်		
၄	ဒေါ်လှဝင်း	ဦးသိန်းတင်	၁၃/ပတယ(နိုင်)၀၃၃၁၄၀	၃၇	ဘဏ္ဍာရေးမှူး	၀၉-၄၂၈၃၇၄၃၉၅	
၅	ဒေါ်ကြည်ညွှန့်	ဦးကျော်ထူး	၁၃/ပတယ(နိုင်)၀၅၃၈၂၈	၂၀	သေ့ကိုင်-၁	၀၉-၇၈၈၂၇၁၈၆၃	
၆	ဒေါ်ဝင်းမြလေး	ဦးဘမော်	၁၃/ပတယ(နိုင်)၀၄၄၈၉၁	၃၀	သေ့ကိုင်-၂	၀၉-၇၈၂၂၆၃၁၀၃	

၇	ဒေါ်စိုးစိုးဖြူ	ဦးတင်ထွန်း	၁၃/ပတယ(နိုင်)၀၄၉၅၃၃	၂၄	အဖွဲ့ဝင်	၀၉-၇၈၈၀၂၈၉၆၅	

ဖွံ့ဖြိုးရေးမဟာဗျူဟာတည်ဆောက်မှုအခြေပြဇယား (ကြေးတွင်းကုန်း)

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ရေမလုံလောက်ခြင်း၊ နွေရာသီ၌ သောက်သုံးရေ အလွန်ခက်ခဲသည်	ရေထွက်မရှိခြင်း၊တခြား ကျေးရွာ ရေထွက်မှုရေသွယ် တန်း၍မရခြင်း၊ မိုးခေါင် ခြင်း၊ မိုးရေကိုအားကိုးနေရ ခြင်းလက်ရှိရေကန်မှာရေမ လောက်ခြင်း	မြေသားကန်အ ပေါင်းရှိခြင်း၂ကန်	စက်အင်အား	သက်ဆိုင်ရာဌာနမှ စက်ရေတွင်းတူးဖော် ပေးရန်အကူအညီ ဆောင်ရွက်ပေးခြင်းလက်ရှိ ရေကန်များကိုပိုမိုကောင်းမွန် အော	ရေကန်ပြုပြင်ခြင်း ဖော၀' ×ပေ ၄၀' ပေ ၃၀×ပေ ၃၀'
၂	ရွာတွင်းလမ်း မကောင်းခြင်း	မြေသားလမ်းဖြစ်နေခြင်း၊ ပြုပြင်ရန် လူထုလုပ်အားဖြင့် မတတ်နိုင်ခြင်း			ကျေးရွာဆပ်ကော်မတီ ဖွဲ့စည်းပြီး ကျေးလက်ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း	လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အော ဆောင်ရွက်ပေးခြင်း၊ ကျောက်ချောလမ်း ခင်းပေးခြင်း(၇၀×၈ပေ)
၃	ပညာရေး အလယ်တန်း၊ အထက်တန်းကျောင်းသာ များ (၃)မိုင်ကွာဝေးသော မြို့သို့ ခြေလျင်သွား	ကျောင်းကြို ကျောင်းပို့ယာဉ် မရှိခြင်း	အလယ်တန်း အထက်တန်း ကျောင်းသား/သူ (၅၁)ဦးရှိ		ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေး ခြင်း	ကျောင်းသား/သူများ ကျောင်းသွားကျောင်းပြန် သွားလာရ လွယ်ကူအော ဆောင်ရွက်ပေးခြင်း (ကျောင်းကြို ပို့ယာဉ်
၄	နည်းပညာမသုံးပြုမှု အားနည်းခြင်း၊ မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း၊ အထွက်နှုန်း နည်းခြင်း	နည်းပညာဝန်ဆောင်မှု အားနည်းခြင်း၊ ပြည်သူလူထုများ စိတ်ဝင်စားမှု အားနည်းခြင်း မျိုးထိန်းမျိုးချန်ရန် အသိမရှိခြင်း၊ ဆင်းရဲ၍ မဝယ်နိုင် မဝယ်လိုခြင်း	စိုက်ပျိုးရေးအဓိက လုပ်ကိုင်သည်		ဝန်ဆောင်မှုပြည့်ဝစွာ ရရန် စိုက်ပျိုးရေးဌာန နှင့်ပုဂ္ဂလိက အဖွဲ့အစည်းများအားချိတ်ဆက် ဆောင်ရွက်	စိုက်ပျိုးရေးနည်းပညာ များရရှိအသုံးပြုမှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့် စုပေါင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း	ကျေးရွာတွင် အဓိက ထွက်သောလျှက်အတွက် Green Tea စက်ရုံ လိုအပ်ခြင်း၊ စက်အရင်းအနှီ နည်းပညာ ကျွမ်းကျင် လုပ်သား			မြို့နယ်မှတဆင့် ပြည်ထောင်စုအဆင့်သို့ မူဝါဒဆိုင်ရာ ပံ့ပိုးရန် တင်ပြတောင်းဆိုခြင်း	Green Tea စက်ရုံ တည်ဆောက်ပေးရန်
၆	အမျိုးသမီးများ ဝါသနာပါသည့် ဝင်ငွေရအလုပ်အကိုင်များ လုပ်ခွင့်မရခြင်း	သင်တန်းတက်ရန် ငွေကြေးမတတ်နိုင်ခြင်း (ဥပမာ- စက်ချုပ်၊ အလှပြင်)			အခကြေးငွေသက်သာသောသင်တ ားများ ဖွင့်လှစ်ပေးခြင်း	အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ် ပေးရန်
၇	အားကစားမှာ တိုးတက်မှုမရှိ၊ ကိုယ်လက်ကြံခိုင်မှု မရှိ	အားကစားကွင်းမရှိ၊ ပစ္စည်းမရှိ၊ အသိမရှိ ခြင်း			နေရာကျယ်ကျယ်နှင့် တန်ဖိုးမြင့်ပစ္စည်းများ မလိုသည့် အားကစား နည်းများ စတင်၍ လူငယ်များအားကစား မှန်မှန်လုပ်လာအောင် စီစဉ်ပေးခြင်	အားကစားကွင်းတည် ဆောက်ခြင်း
၈	ကိုယ်လက်ကြံခိုင်မှု မရှိ လူငယ်များ အသိပညာ ဗဟုသုတ အားနည်း၊ စာဖတ်လေ့ဖတ်ထမရှိ	အခြားအချိန်ဖြုန်းစရာများရှိ အင်တာနက်ဂိမ်းကစားခြင်း ဖြင့်အချိန်ကုန်နေခြင်း၊ စာကြည့်တိုက်မရှိခြင်း			စာဖတ်အလေ့အကျင့်ရှိအောင် စာပေ ဟောပြောပွဲများလုပ်ပေးခြင်း၊ စာကြည့်တိုက် ဆောက်လုပ်ပေးခြင်း	စာကြည့်တိုက်တည်ဆော က်ခြင်း

ကြေးတွင်းကုန်းကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ရေကန်ပြုပြင်ခြင်း	၁	✓	✓			
၂	ရွာတွင်းလမ်း ပေ၇၀၀၀ခန့်	၂	✓	✓	✓		
၃	Green Tea စက်ရုံတည်ဆောက်ခြင်း	၃		✓	✓		
၄	အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ပေးရန်	၄	✓	✓	✓	✓	✓
၅	စိုက်ပျိုးရေး (လှေကားမျိုးကောင်းမျိုးသန့်နှင့် နည်းပညာ)	၅	✓	✓	✓	✓	✓
၆	ပညာရေး (ကျောင်းကြီးပို့ယာဉ်)	၆	✓	✓			
၇	စာကြည့်တိုက်	၇	✓	✓			

൧	ആഃനാഠാഃ	൧			?	?	?

